## စီမံကိန်းအဆိုပြုလွှာအား စိစစ်သုံးသပ်ရာတွင် တိုက်ဆိုင်စစ်ဆေးရမည့် အချက်အလက်အသေးစိတ်စာရင်း (Checklist)

စီမံကိန်းအဆိုပြုသူများမှ တင်ပြလာသည့် စီမံကိန်းအဆိုပြုလွှာအား စိစစ်သုံးသပ်ရာတွင် ကောင်းစွာအထောက်အပံ့ဖြစ်စေရေးကိုဦးတည်၍ ဤတိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များကို ပြုစုပါသည်။ ဤတိုက်ဆိုင်စစ်ဆေးရမည့် အချက်အလက်များမှာ စီမံကိန်းအဆိုပြုလွှာ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာများအား စိစစ်သုံးသပ်ရာတွင် တိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်အတွဲများအနက် အတွဲတစ်ခုဖြစ်ပါသည်။

ယခုတိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များ၌ "**အဆိုပြုလွှာစိစစ်သုံးသပ်ရာတွင် တိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များ (Review Checklists)**" နှင့် "**အထောက်အကူပြုစာရွက်စာတမ်းများ (Supplementary Document)**" ဟူ၍ နှစ်ပိုင်းပါရှိပါသည်။ စိစစ်သုံးသပ်သူမှ စိစစ်သုံးသပ်ရာတွင် ပထမအပိုင်းအားအသုံးပြုရန်ဖြစ်ပြီး အဆိုပြုလွှာအားစိစစ်စဉ် လိုအပ်မည့်လမ်းညွှန်ချက်နှင့် ရှင်းလင်းချက်များအတွက် ဒုတိယအပိုင်းအား အသုံးပြုရန်ဖြစ်ပါသည်။ အဆိုပါနှစ်ပိုင်းအား Hyperlink ဖြင့်ချိတ်ဆက်ထားပြီး စိစစ်သုံးသပ်သူမှ ပထမအပိုင်း တိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များရှိ "Hint" အားနှိပ်ပါက ဒုတိယအပိုင်းအထောက်အကူပြုစာရွက်စာတမ်းများရှိ ယင်းနှင့်သက်ဆိုင်သည့် လမ်းညွှန်ချက်နှင့် ရှင်းလင်းချက်များအား ကွန်ပြူတာမှအလိုအလျောက်ဖွင့်ပေးမည်ဖြစ်ပါသည်။

စိစစ်သုံးသပ်ရမည့်အချက်၏ အရေးကြီးမှုအပေါ်မူတည်၍ အသုံးချနိုင်မှု (**Applicability**) တွင် "Essential"၊ "Dependent" နှင့် "Optional" ဟု (၃) ဆင့်ထပ်မံကွဲပြားမည်ဖြစ်ပါသည်။ "**Essential**" အဆင့်စိစစ်သုံးသပ်ရမည့် အချက်များမှာ စိစစ်သုံးသပ်ရန်အမြဲလိုအပ်မည်ဖြစ်ပြီး၊ "**Dependent**" အဆင့်မှာ အဆိုပြုစီမံကိန်း၏ သဘောသဘာဝ၊ အခြေအနေနှင့် စီမံကိန်းနှင့်သက်ဆိုင်မှု ရှိ မရှိ အပေါ်မူတည်သုံးသပ်ရမည်ဖြစ်ကာ၊ စီမံကိန်းနှင့်ပတ်သက်၍ အဓိက မကျသော သို့မဟုတ် မြင့်မားသည့်နည်းပညာ၊ အယူအဆများလိုအပ်၍ စီမံကိန်းကလိုက်နာဆောင်ရွက်ရန် အခက်အခဲ အတားအဆီးရှိခြင်းများအတွက် "**Optional**" အဆင့်တွင် ထည့်သွင်းစဉ်းစားရန်ဖြစ်ပါသည်။

| No. | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 1. | စီမံကိန်းအဆိုပြုသူအကြောင်း အသေးစိတ်ဖော်ပြချက် | | | | |
| 1.1. | စီမံကိန်းအဆိုပြုသူ၏ အမည်၊ လိပ်စာ၊ ဆက်သွယ်ရန် အသေးစိတ် အချက်အလက်များ (ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊ အဓိက ဆက်သွယ်ရမည့်ပုဂ္ဂိုလ်စသည်ဖြင့်) အား ပြည့်စုံစွာဖော်ပြထားပါသလား။ (**"စီမံကိန်းအဆိုပြုလွှာတင်ပြသည့်ပုံစံ"** တွင်လည်း ကြည့်ရှုနိုင်ပါသည်။) | Essential | | | |
| | အပိုင်း (၁) အတွက် ခြုံငုံသုံးသပ်ချက် | | | | |

| No. | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 2. | **အဆိုပြုစီမံကိန်း၏ နောက်ခံအကြောင်းအရာနှင့် ရည်ရွယ်ချက်** | | | | |
| 2.1. | အဆိုပြုစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်အား ဖော်ပြထားပါသလား။ | Essential | | | |
| 2.2. | အဆိုပြုစီမံကိန်း၏ နောက်ခံအကြောင်းအရာအား ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2.3. | အဆိုပြုစီမံကိန်းအား အောင်မြင်စွာအကောင်အထည်ဖော်နိုင်မှု (Feasibility) နှင့်သက်ဆိုင်သည့်လေ့လာမှုများနှင့် နည်းပညာပိုင်းဆိုင်ရာလေ့လာမှုများ၏ အကျဉ်းချုပ်အား ဤစီမံကိန်းအဆိုပြုလွှာ၏ နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြထားပါသလား။ | Dependent | | | Hint |
| | အပိုင်း (၂) အတွက် ခြုံငုံသုံးသပ်ချက် | | | | |
| 3. | **အဆိုပြုစီမံကိန်း၏ တည်နေရာနှင့် အရွယ်အစား/ ပမာဏ** | | | | |
| 3.1. | အဆိုပြုစီမံကိန်း၏ အရွယ်အစား၊ ပါဝင်မည့်အစိတ်အပိုင်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများအား တိကျစွာသိရှိနိုင်ရေး စီမံကိန်းတည်နေရာပြမြေပုံနှင့် အစီအစဉ်များအား သင့်တော်သောစကေးဖြင့် ဖော်ပြထားပါသလား။ | Essential | | | |
| 3.2. | အဆိုပြုစီမံကိန်းတည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအမည်များအား ဖော်ပြထားပါသလား။ | Essential | | | |
| 3.3. | အဆိုပြုစီမံကိန်းကြောင့် အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များအပေါ် ထိခိုက်မှုများဖြစ်ပေါ်နိုင်ပါက အဆိုပါထိခိုက်ခံစားရမည့်ဧရိယာအား အသေးစိတ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3.4. | တည်နေရာပြ ကိုသြဒိနိတ်အမှတ်များ ဖော်ပြထားပါသလား။ | Essential | | | |
| 3.5. | အဆိုပြုစီမံကိန်းတည်နေရာပြ မှတ်တမ်းဓါတ်ပုံများအား ဖော်ပြထားပါသလား။ | Essential | | | |
| 3.6. | အဆိုပြုစီမံကိန်းသည် အောက်ဖော်ပြပါနေရာများတွင် တည်ရှိနေကြောင်း သို့မဟုတ် ယင်းနေရာများအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ဖော်ပြထားပါသလား-<br>(က)ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအပါအဝင် သစ်တောထိန်းသိမ်းရေးဧရိယာ<br>(ခ) အများပြည်သူဆိုင်ရာသစ်တော<br>(ဂ) အဏ္ဏဝါဥယျာဉ်အပါအဝင်ဥယျာဉ်<br>(ဃ) ဒီရေတောရေဝပ်ဧရိယာ<br>(င) အခြားအရေးပါသောကမ်းရိုးတန်းဒေသများ<br>(စ) သဘာဝဘေးမဲ့တော<br>(ဆ) သိပ္ပံပညာရပ်ဆိုင်ရာထိန်းသိမ်းထားသောနယ်မြေ<br>(ဇ) သဘာဝထိန်းသိမ်းရေးနယ်မြေ<br>(ဈ) ဘူမိရုပဆိုင်ရာထိန်းသိမ်းထားသောအထင်ကရနေရာ<br>(ည) ဝန်ကြီးဌာနကသတ်မှတ်ကြေညာထားသော အခြားသဘာဝထိန်းသိမ်း ရေးနယ်မြေများ<br>(ဋ) ထိန်းသိမ်းကာကွယ်ထားသော ယဉ်ကျေးမှုအမွေအနှစ်နေရာ | Essential | | | |

| No. | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | နှင့်<br>(ဌ) ထိန်းသိမ်းကာကွယ်ထားသော ရှေးဟောင်းသုတေသနဆိုင်ရာ သို့မဟုတ် သမိုင်းဆိုင်ရာ အထင်ကရနေရာများ | | | | |
| 3.7. | အဆိုပြုစီမံကိန်းအကောင်အထည်ဖော်ခြင်းဖြင့် ရေနှင့် သစ်တော စသည့် သဘာဝသယံဇာတအသုံးပြုမှုဆိုင်ရာ မြေငှားရမ်းအသုံးပြုခွင့်နှင့် ဆက်စပ်ပါမစ်များကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3.8. | **နည်းပညာပိုင်းဆိုင်ရာ ပုံများ / ရုပ်ပုံကားချပ်များ**<br>အဆိုပြုစီမံကိန်း၏ လုပ်ငန်းအစီအစဉ်၊ နည်းပညာပိုင်းဆိုင်ရာ ပုံများ၊ ရုပ်ပုံကားချပ်များ (ဥပမာ - စီမံကိန်းဒီဇိုင်းပုံ ၊ စီမံကိန်းသဘောသဘာဝ၊ လုပ်ငန်းလည်ပတ်မည့်လုပ်ငန်းစဉ်ပြကားချပ်၊ စသည်) အားဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3.9. | အဆိုပြုစီမံကိန်း၏ အရွယ်အစား (ဥပမာ - စီမံကိန်းဧရိယာ၊ ထွက်ရှိမည့် စွန့်ပစ်ပစ္စည်းခန့်မှန်းပမာဏ၊ စီမံကိန်းမှ အသုံးပြုမည့် ကုန်ကြမ်းနှင့် ထွက်ရှိမည့်ကုန်ချော၊ အခြားထုတ်ကုန်များ၊ စွမ်းအင်သုံးစွဲမှုစသည်ဖြင့်) အား ဖော်ပြထားပါသလား။<br>(EIA Procedure ၏ နောက်ဆက်တွဲ "က" ပါ IEE နှင့် EIA ဆောင်ရွက်ရန်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအမျိုးအစားနှင့် အရွယ်အစား သတ်မှတ်ချက်များကိုလည်း မှီငြမ်းကိုးကားရန်) | Essential | | | |
| 3.10. | **လက်ရှိသွင်ပြင်လက္ခဏာများဆိုင်ရာ မြေပုံများနှင့် အစီအစဉ်များ** | | | | |
| 3.10.1. | အဆိုပြုစီမံကိန်းအနီး ရေလမ်းကြောင်းနှင့် မြစ်ချောင်းများတည်ရှိမှု ရှိ မရှိ ဖော်ပြထားပါသလား။ | Essential | | | |
| 3.10.2. | လမ်းပန်းဆက်သွယ်ရေးအခြေအနေများ (ဥပမာ - လေဆိပ်၊ ဆိပ်ခံတံတား၊ လမ်း၊ လျှပ်စစ်ဓါတ်အားလိုင်း၊ ရေသွယ်တန်းမှုစသည်ဖြင့်) ကို ဖော်ပြထားပါသလား။ | Essential | | | |
| 3.10.3. | ယခင်နှင့် ယခုမြေအသုံးချမှုများ (ဥပမာ - ယဉ်ကျေးမှုနှင့် ဘာသာရေးအထွတ်အမြတ်နေရာများ၊ စီးပွားရေးဖွံ့ဖြိုးမှုနေရာများ၊ လူနေအိမ်နှင့် လူနေဧရိယာများ၊ စက်ရုံအလုပ်ရုံများ) ကို ဖော်ပြထားပါသလား။ | Essential | | | |
| 3.10.4. | ရပ်ရွာပိုင်မြေယာများနှင့် အနီးအနားရှိ ကျေးရွာများကို ဖော်ပြထားပါသလား။ | Essential | | | |
| 3.10.5. | အမျိုးသားဥယျာဉ်၊ ကာကွယ်ထိန်းသိမ်းထားသော ဧရိယာနှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်လွယ်သော နေရာများကို ဖော်ပြထားပါသလား။ | Essential | | | |
| 3.10.6. | သဘာဝသယံဇာတထိန်းသိမ်းရေးနေရာများ (ဥပမာ - ငါးဖမ်းဧရိယာ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း၊ မြေပေါ်/မြေအောက်ရေသုံးစွဲမှု စသည်ဖြင့်) ကို ဖော်ပြထားပါသလား။ | Essential | | | |
| 3.10.7. | ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာအထင်ကရနေရာများကို ဖော်ပြထားပါသလား။ | Essential | | | |
| | အပိုင်း (၃) အတွက် ခြုံငုံသုံးသပ်ချက် | | | | |

| No. | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 4. | **ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ** | | | | |
| 4.1. | စီမံကိန်းအကောင်အထည်ဖော်မည့်ဧရိယာ၌ ပေါ်ပေါက်နိုင်သည့် ဆိုးကျိုးသက်ရောက်မှုများအပါအဝင် ဖြစ်ပေါ်နိုင်သည့် သက်ရောက်မှုများအတွက် ဆန်းစစ်ချက်အား ဖော်ပြထားပါသလား။ အဆိုပါဆန်းစစ်ချက်သည် ရနိုင်သည့်သတင်းအချက်အလက်များ အပေါ် အခြေခံစဉ်းစားသင့်ပါသည်။ (ဥပမာ - ရူပနှင့် ဇီဝဆိုင်ရာ၊ လူမှုစီးပွားဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် မြင်ကွင်းဆိုင်ရာ သက်ရောက်မှုများစသည်ဖြင့်) | Essential | | | |
| | အပိုင်း (၄) အတွက် ခြုံငုံသုံးသပ်ချက် | | | | |
| 5. | **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း** | | | | |
| 5.1. | အာဏာပိုင်အဖွဲ့အစည်းများ၊ အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေး အကြံယူခြင်းများ ဆောင်ရွက်ထားရှိပါကြောင်း ဖော်ပြထားပါသလား။ | Optional | | | Hint |
| | အပိုင်း (၅) အတွက် ခြုံငုံသုံးသပ်ချက် | | | | |
| 6. | **အဆိုပြုစီမံကိန်းအား စိစစ်ပြီးအဆိုပြုတင်ပြချက်** | | | | |
| 6.1. | အဆိုပြုစီမံကိန်းက ပတ်ဝန်းကျင်ဆိုင်ရာ မည်သည့်ဆန်းစစ်ခြင်း ပြုလုပ်သင့်ပါကြောင်းကို အကြောင်းရင်းနှင့်တကွ အဆိုပြုတင်ပြထားပါသလား။ | Optional | | | Hint |
| | အပိုင်း (၆) အတွက် ခြုံငုံသုံးသပ်ချက် | | | | |

**အပိုင်းအားလုံးအပေါ် ယေဘုယျခြုံငုံသုံးသပ်ချက်နှင့် အကြံပြုချက်**

| |
|---|
| ယေဘုယျခြုံငုံသုံးသပ်ချက် |
| အကြံပြုတင်ပြချက် |

**အနည်းဆုံးလိုအပ်ချက်များ**

တိုက်ဆိုင်စိစစ်ခဲ့သည့် အချက်များအားလုံးအပေါ် စိတ်ကျေနပ်မှုရှိပါသလား။ (ဆိုလိုသည်မှာ A သို့မဟုတ် B သို့မဟုတ် C ဖြစ်ပါသလား။)

◉ Yes ○ No

Date: ရက်စွဲ

Recorded by: မှတ်တမ်းတင်သူ

---

**တိုက်ဆိုင်စိစစ်သည့်အချက်များအပေါ် အဆင့်ခွဲခြင်း**

| အဆင့် | ရှင်းလင်းချက် |
|---|---|
| A | ယေဘုယျအားဖြင့် ကောင်းစွာဆောင်ရွက်ထားပြီး အရေးကြီးအချက်အလက်များ ကျန်ရစ်ခဲ့ခြင်း မရှိပါ။ |

| | |
|---|---|
| | (လိုအပ်ချက်၏ ၈၀-၁၀၀% ကိုလွှမ်းခြုံမိသည်။) |
| B | အရေးမပါသည့် အချို့သောအချက်များကျန်ရစ်ခြင်း၊ ပြည့်စုံလုံလောက်မှုမရှိခြင်းများမှလွဲ၍ စိတ်ကျေနပ်မှုရှိပါသည်။ (လိုအပ်ချက်၏ ၆၀-၈၀% ကိုလွှမ်းခြုံမိသည်။) |
| C | အချို့သောအချက်များကျန်ရစ်ခြင်း၊ မပြည့်စုံခြင်းများရှိသော်လည်း စိတ်ကျေနပ်မှုရှိရုံဖြစ်ပါသည်။ (လိုအပ်ချက်၏ ၄၀-၆၀% ကိုလွှမ်းခြုံမိသည်။) |
| D | အရေးကြီးအချက်များ ကျန်ရစ်ခြင်း၊ မပြည့်စုံခြင်းများကြောင့် စိတ်ကျေနပ်မှုမရှိပါ။ (လိုအပ်ချက်၏ ၂၀-၄၀% ကိုသာ လွှမ်းခြုံမိသည်။) |
| E | အရေးကြီးအချက်များ ကောင်းစွာဆောင်ရွက်ထားမှုမရှိခြင်း၊ လုံးဝဆောင်ရွက်မထားခြင်းများကြောင့် စိတ်ကျေနပ်မှု လုံးဝမရှိပါ။ (လိုအပ်ချက်၏ ၀-၂၀% ကိုသာ လွှမ်းခြုံမိသည်။) |
| N.A. | အဆိုပြုစီမံကိန်းနှင့် တိုက်ဆိုင်စိစစ်သည့်အချက်မှာ ဆီလျော်မှုမရှိပါ။ |